ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

MYANMAR TRADE PROMOTION ORGANIZATION

MINISTRY OF COMMERCE

# ပြည်တွင်း/ ပြည်ပ ကုန်စည်ပြပွဲများကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၂၅)

# Regulations for Organizing International & Local Trade Fairs and Exhibitions (2025)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ မှ - ထိ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) ပြည်တွင်းကုန်စည်ပြပွဲ | ၁ - ၁ |
| | - ပြည်တွင်းတွင် ကုန်စည်ပြပွဲ တာဝန်ခံ စီစဉ်ကျင်းပခွင့်ရှိသူများ | ၁ - ၁ |
| ၃။ | အခန်း(၂) ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် မှတ်ပုံတင်ခြင်း | ၂ -၂ |
| | - ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင် လျှောက်ထားခြင်း | ၂ - ၂ |
| | - တင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများ | ၂ - ၂ |
| | - ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ(Organizer)၏တာဝန်များ | ၂ - ၃ |
| | - မီးဘေးလုံခြုံရေးအပါအဝင်လုံခြုံရေးကိစ္စဆောင်ရွက်ခြင်း | ၃ - ၃ |
| ၄။ | အခန်း(၃) ပြည်ပကုန်စည်ပြပွဲများ | ၄ - ၄ |
| | - သွားရောက်ပြသနိုင်သောနိုင်ငံများ | ၄ - ၄ |
| | - မြန်မာနိုင်ငံကိုယ်စားပြု စုဖွဲ့သွားရောက်ခြင်း | ၄ - ၄ |
| | - ပြည်ပကုန်စည်ပြပွဲသို့ သွားရောက်ပြသခြင်း လုပ်ငန်းစဉ်များ | ၄ - ၅ |
| ၅။ | အခန်း(၄) ပြည်တွင်း၊ပြည်ပ ကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင်သူများ (Exhibitors) | ၅ - ၅ |
| | - ပြသခွင့်ရှိသည့် ပစ္စည်းများ | ၅ - ၅ |
| | - ပြသသောပစ္စည်းများအား တင်သွင်း၊ တင်ပို့ ခွင့်ပြုခြင်း | ၅ - ၅ |
| | - ပြပွဲတွင် ပါဝင်ခင်းကျင်းပြသသူများ (Exhibitor) လိုက်နာရမည့်အချက်များ | ၅ - ၅ |
| ၆။ | အခန်း(၅) အထွေထွေခွင့်ပြုမိန့် (Open General License-OGL) လျှောက်ထားခြင်း | ၆ - ၆ |
| | - အထွေထွေခွင့်ပြုမိန့် (Open General License-OGL) ဝန်ဆောင်ခ | ၇ - ၇ |
| ၇။ | အခန်း(၆) ကုန်စည်ပြပွဲအတွက် တင်သွင်းပစ္စည်းများ ဆိုင်ရာသတ်မှတ်ချက် | ၇ - ၇ |
| | - ပြသသောပစ္စည်းများအားပြန်လည် တင်ပို့ခြင်း | ၇ - ၈ |
| | - ကျသင့်သောအခွန်အခများပေးဆောင်ခြင်း | ၈ - ၈ |

| | | |
|---|---|---|
| | - သယ်ယူပို့ဆောင်ခြင်း | ၈ - ၈ |
| | - ကုန်စည်ပြပွဲကျင်းပခွင့်ရယူရန် လုပ်ငန်းစဉ်များ | ၈ - ၉ |
| | - ဆိပ်ကမ်းရှင်းလင်းရေး/အကောက်ခွန် ရှင်းလင်းရေးတာဝန်ခံ (Freight Forwarder) ၏ တာဝန်များ | ၉ - ၉ |
| | - မှတ်ပုံတင်/လိုင်စင်လျှောက်ထားနိုင်သည့် နေရာ | ၉ - ၉ |
| ၈။ | အခန်း(၇) လုပ်ငန်းအဖွဲ့ကော်မတီများ ဖွဲ့စည်းခြင်း | ၉ - ၉ |
| | - တာဝန်ကျအကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ၏ တာဝန်များ | ၁၀ - ၁၀ |
| | - တာဝန်ကျစီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနဝန်ထမ်းများ၏ တာဝန်များ | ၁၀ - ၁၀ |
| | - တာဝန်ကျ ကုသရေးဦးစီးဌာန ဝန်ထမ်းများ၏တာဝန်များ | ၁၀ - ၁၁ |
| | - တာဝန်ကျလုံခြုံရေးဝန်ထမ်းများ၏ တာဝန်များ | ၁၁ - ၁၁ |
| ၉။ | အခန်း(၈) ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာ တင်ပြခြင်း | ၁၁ - ၁၁ |
| ၁၀။ | အခန်း(၉) အထွေထွေ | ၁၁ - ၁၁ |
| | - နိဂုံး | ၁၁ - ၁၁ |

နောက်ဆက်တွဲများ

| | | |
|---|---|---|
| ၁၁။ | ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ မှတ်ပုံတင်လျှောက်လွှာ ပုံစံ | ၁၂ -၁၃ |
| ၁၂။ | အထွေထွေခွင့်ပြုမိန့် လျှောက်လွှာပုံစံ | ၁၄ - ၁၅ |
| ၁၃။ | အထွေထွေခွင့်ပြုမိန့် OGL ပုံစံ (ပြည်တွင်း/ပြည်ပ) | ၁၆ - ၁၇ |
| ၁၄။ | ကုန်စည်ပြပွဲစီစဉ်ကျင်ပသူ မှတ်ပုံတင်ပုံစံ | ၁၈ - ၁၈ |

## ပြည်တွင်း/ ပြည်ပ ကုန်စည်ပြပွဲများကျင်းပခြင်းဆိုင်ရာ
## လုပ်ထုံးလုပ်နည်းများ (၂၀၂၅)

**နိဒါန်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး ၏ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့စွဲပါ စာအမှတ်၊ စက-၁၄ / ၂ - ၄၉ /၂၀၁၂ ( ၂ ) ဖြင့် ထုတ်ပြန်ကြေငြာထားသော မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ ထုတ်ပြန် ကြေငြာထားပြီးဖြစ်ပါသည်။

၂။ အထက်ပါ လုပ်ထုံးလုပ်နည်းများကို အခြေခံ၍ လုပ်ငန်းရှင်များ ပိုမိုရှင်းလင်းလွယ်ကူစွာ နားလည်ဆောင်ရွက်နိုင်စေရန် ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများကျင်းပရာတွင် လိုက်နာကျင့်သုံးရမည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဤလုပ်ထုံးလုပ်နည်းများကို လိုအပ်ပါက ပြင်ဆင်သွားမည်ဖြစ်သည်။

### အခန်း(၁)
### ပြည်တွင်းကုန်စည်ပြပွဲ

၃။ ပြည်တွင်းကုန်စည်ပြပွဲဆိုသည်မှာ ပြည်တွင်း၌ ပြသသော အောက်ပါ ကုန်စည်ပြပွဲများကို ဆိုလိုခြင်းဖြစ်သည် -

(က) ပြည်တွင်း ကုမ္ပဏီ၊ လုပ်ငန်းရှင်များ စုပေါင်းပြသသောကုန်စည်ပြပွဲ

( ခ ) ပြည်ပမှတစ်နိုင်ငံချင်းလာရောက်ပြသသော ကုန်စည်ပြပွဲ

( ဂ ) ပြည်ပမှ နိုင်ငံစုံလာရောက်ပြသသော ကုန်စည်ပြပွဲ

(ဃ) ပြည်တွင်းနှင့်ပြည်ပ ပေါင်းစပ်ပြသသော ကုန်စည်ပြပွဲ

**ပြည်တွင်းတွင် ကုန်စည်ပြပွဲတာဝန်ခံစီစဉ်ကျင်းပခွင့်ရှိသူများ**

၄။ အောက်ဖော်ပြပါ အဖွဲ့အစည်းများသည် ပြည်တွင်းတွင် ကုန်စည် ပြပွဲများကို တာဝန်ခံစီစဉ်ကျင်းပသူ (Organizer) အဖြစ် ဆောင်ရွက်ခွင့် ရှိသည် -

(က) အစိုးရဝန်ကြီးဌာနများ

( ခ ) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ

( ဂ ) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွင် ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် တရားဝင် မှတ်ပုံတင်ထားသော ကုမ္ပဏီများ

၅။ မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော စီးပွားရေး သမဝါယမအသင်းအဖွဲ့များ၊ အသင်းအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများက ပြည်တွင်းတွင် ကုန်စည်ပြပွဲများ ကျင်းပလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တွင် ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် တရားဝင် မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီတစ်ခုအား တာဝန်ပေး၍ ဆောင်ရွက်နိုင်သည်။

## အခန်း(၂)

## ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် မှတ်ပုံတင်ခြင်း

၆။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) နှင့် ၁၉၅၀ ပြည့်နှစ် အထူး ကုမ္ပဏီအက် ဥပဒေတို့အရ မှတ်ပုံတင်ထားသော ကုမ္ပဏီများသည် ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အဖြစ် ဆောင်ရွက်ရန် မှတ်ပုံတင်ခြင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လျှောက်ထားနိုင်သည်။

**ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်လျှောက်ထားခြင်း**

၇။ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်လျှောက် ထားခြင်းကို https://mitc.myantrade.gov.mm/ တွင် ဖော်ပြထားသော မှတ်ပုံတင် လျှောက်ထားခြင်းပုံစံ၌ လိုအပ်သည့် အချက်အလက်များ ဖြည့်စွက်ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ လျှောက်ထားရမည်ဖြစ်ပြီး ပုံစံကို နောက်ဆက်တွဲဖြင့် ဖော်ပြထား ပါသည်။

**တင်ပြရမည့် စာရွက်စာတမ်းအထောက်အထားများ**

၈။ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်လျှောက် ထားရာတွင် အောက်ပါ စာရွက်စာတမ်း အထောက်အထားများကို တင်ပြရမည် ဖြစ်သည်-

(က) မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ထံလိပ်မူ၍လျှောက်လွှာ (Company Letterhead ဖြင့်)

( ခ ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)

( ဂ ) Company Director List

(ဃ) ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် (မိတ္တူ)

( င ) ကုမ္ပဏီ၏ အခွန်ထမ်းဆောင်မှု (၃ နှစ်စာ)

( စ ) ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်

(ဆ) သက်ဆိုင်ရာအသင်း၏ထောက်ခံချက်

၉။ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်သက်တမ်းကို ခွင့်ပြုပေးသည့် နေ့မှ (၃)နှစ်အထိ တစ်ဆက်တည်းကာလသတ်မှတ် ခွင့်ပြုသည်။ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင် သက်တမ်းတိုးလိုပါက သက်တမ်းမကုန်ဆုံးမီ (၃) လ ကြိုတင်လျှောက်ထားရမည်။ မှတ်ပုံတင် ကာလကို (၃) နှစ်ထပ်မံ သက်တမ်းတိုးခွင့်ပြုသည်။

**ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) ၏တာဝန်များ**

၁၀။ ကုန်စည်ပြပွဲ စီစဉ်ကျင်းပသူ (Organizer) ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကုန်စည်ပြပွဲ ကျင်းပခွင့်ပြုမိန့်ရရှိရေးနှင့် ပြပွဲတွင်ပြသမည့် ပစ္စည်းများ တင်သွင်း၊ တင်ပို့ခွင့်ရရှိရေး ဆောင်ရွက်ခြင်း။

( ခ ) ပြည်ပမှလုပ်ငန်းရှင်များ ပြည်တွင်းသို့ လာရောက်ရာတွင် သွားလာတည်းခိုနေထိုင်ရေး အဆင်ပြေစေရန် အတွက် စီစဉ်ဆောင်ရွက်ပေးခြင်း။

(ဂ) ပြပွဲခန်းမရရှိရေး၊ ပြခန်းများတည်ဆောက်ခြင်း၊ On Site Handling ကိစ္စများ စီစဉ် ဆောင်ရွက်ခြင်း။

(ဃ) သတင်းမီဒီယာများတွင် ကြော်ငြာခြင်း၊ ဖွင့်ပွဲအခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း။

(င) ကုန်စည်ပြပွဲတွင် လာရောက်ပြသသည့် လုပ်ငန်းရှင်များ၊ လေ့လာသူများအားလုံး၏ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခြင်း။

(စ) သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နှင့် ညှိနှိုင်း၍ ကုန်စည်ပြပွဲတွင် ပြသ၊ လေ့လာသူ တို့၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြပွဲတွင် ခင်းကျင်းရောင်းချမည့် စားသောက်ဆိုင်များ၏ အစားအသောက်များ အန္တရာယ်ကင်းရှင်းရေးတို့အတွက် ဆောင်ရွက်ပေးခြင်း။

(ဆ) ကုန်စည်ပြပွဲတွင် တင်သွင်းပြသသည့် ပစ္စည်းများအား အကောက်ခွန်ရှင်းလင်းရေးဆိုင်ရာကိစ္စများနှင့်ဆိပ်ကမ်း ရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ခြင်း။

(ဇ) ပြပွဲတွင် ရောင်းချသည့်ပစ္စည်းများ (One Stop Service) အဖွဲ့ဖြင့် သွင်းကုန် လိုင်စင်ထုတ်ပေးရေး၊ တင်သွင်းလာသော ပြပွဲပစ္စည်းများ ဈေးနှုန်းမှန်ကန်မှု ရှိစေရေး၊ ပြပွဲပြီးဆုံးပြီးနောက် ပြန်လည်တင်ပို့မည့် ပစ္စည်းများ တင်သွင်းလာသော နိုင်ငံသို့ စနစ်တကျ ပြန်လည်တင်ပို့ နိုင်ရေးဆောင်ရွက်ခြင်း။

(ဈ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲ ဥပဒေများကို လာရောက်ပြသသည့် လုပ်ငန်းရှင်များ၊ လေ့လာသူများ အားလုံးက တိကျစွာလိုက်နာနိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

(ည) ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ပြပွဲကျင်းပြီး (၁) လ အတွင်း အပြီးတင်ပြခြင်း။

**မီးဘေးလုံခြုံရေးအပါအဝင် လုံခြုံရေးကိစ္စဆောင်ရွက်ခြင်း**

၁၁။ ကုန်စည်ပြပွဲတွင် လာရောက်ပြသသည့် ပြည်ပလုပ်ငန်းရှင်များ၊ ပြည်တွင်းဧည့်သည်များ အားလုံး၏ လုံခြုံရေးအတွက် ကုန်စည်ပြပွဲစီစဉ် ကျင်းပသူ (Organizer)က သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရဲတပ်ဖွဲ့လုံခြုံရေး၊ မီးသတ်တပ်ဖွဲ့ဝင် အင်အားများအပြင် ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုကုမ္ပဏီများမှ လုံလောက်သောအင်အား ထပ်မံငှားရမ်း၍ ဆောင်ရွက်ခြင်း၊ CCTV ကင်မရာများဖြင့် မှတ်တမ်း တင်ဆောင်ရွက်ခြင်းတို့ လိုအပ်ပါသည်။

## အခန်း(၃)

## ပြည်ပကုန်စည်ပြပွဲများ

၁၂။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ အောက်ပါဌာန၊ ကုမ္ပဏီနှင့် အဖွဲ့အစည်းများပါဝင် ပြသနိုင်သည်-

(က) အစိုးရဝန်ကြီးဌာနများ

( ခ ) သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမအသင်းများ

( ဂ ) မြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသော ကုန်သည် အသင်းအဖွဲ့များ

(ဃ) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေ အရ တရားဝင် မှတ်ပုံတင်ထား သော ကုမ္ပဏီနှင့် လုပ်ငန်းများ

### သွားရောက်ပြသနိုင်သောနိုင်ငံများ

၁၃။ ကုလသမဂ္ဂမှ စီးပွားရေးပိတ်ဆို့အရေးယူရန် ထုတ်ပြန်ထားသော နိုင်ငံများ၊ မြန်မာနိုင်ငံ အစိုးရမှ သွားရောက်ရန် ကန့်သတ်တားမြစ်ထားသော နိုင်ငံများမှအပ ကျန်နိုင်ငံများသို့ သွားရောက်ပြသနိုင်သည်။

### မြန်မာနိုင်ငံကိုယ်စားပြုစုဖွဲ့သွားရောက်ခြင်း

၁၄။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လိုက်ပါ ကြီးကြပ်နိုင်ခြင်း မရှိသော ကုန်စည်ပြပွဲများတွင် ကုန်သည်အသင်းအဖွဲ့များ သို့မဟုတ် မြန်မာနိုင်ငံတွင် တရားဝင် မှတ်ပုံတင်ထားသောကုမ္ပဏီ၊ လုပ်ငန်းများမှ လုပ်ငန်းရှင်ကိုယ်စားလှယ်တစ်ဦးက ဦးဆောင်၍ ပြပွဲဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်တာဝန်ယူ ဆောင်ရွက်ရမည်။ သွားရောက် ပြသသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် ပြပွဲကျင်းပပြုလုပ်သည့်နိုင်ငံများ၏ တည်ဆဲဥပဒေများကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

### ပြည်ပကုန်စည်ပြပွဲသို့ သွားရောက်ပြသခြင်းလုပ်ငန်းစဉ်များ

၁၅။ ပြည်ပကုန်စည်ပြပွဲသို့ သွားရောက်ပြသရန်အတွက် အထွေထွေ ခွင့်ပြုမိန့် (OGL) လျှောက်ထားခြင်း၊ ပစ္စည်းများတင်ပို့ခြင်း၊ ပြန်လည် တင်သွင်းခြင်းနှင့် အခွန်အခများပေးဆောင်ခြင်း လုပ်ငန်းများကို ပြည်တွင်း ကုန်စည်ပြပွဲ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၆။ ကျောက်မျက်ရတနာများ၊သစ်တောထွက်ကုန်များနှင့် ပတ်သက်၍ ပြပွဲသို့မသွားရောက်မီ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဌာနများမှ ကိုယ်စားလှယ်များနှင့် သွားရောက်ပြသမည့် လုပ်ငန်းရှင်တို့ ပူးတွဲ၍ စစ်ဆေးပြီးမှသာ ပြည်ပသို့ တင်ပို့ခွင့်ပြုမည်။ ပြပွဲကာလအတွင်းဖြစ်စေ၊ ပြပွဲပြီးဆုံး ပြီးနောက်ဖြစ်စေ ပြသသည့်ပစ္စည်းများရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်များက ပေးချေဆောင်ရွက်ခွင့် ရှိသည့် နိုင်ငံခြားငွေကြေးဖြင့်သာ ရောင်းချခွင့်ပြုသည်။ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိသည့် အခါ ဝင်ငွေခွန်၊ ကုန်သည်လုပ်ငန်းခွန်များအပါအဝင် အခွန်အခများကို သက်ဆိုင်ရာ အကောက်ခွန် ဌာနသို့ မပျက်မကွက်ပေးဆောင်ရမည်။

## အခန်း(၄)

## ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲတွင် ပါဝင်ပြသနိုင်သူများ (Exhibitors)

၁၇။ ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲများတွင် ပါဝင်ပြသမည့် အောက် ဖော်ပြပါကုမ္ပဏီများသည် https://mitc.myantrade.gov. mm/ မှ တစ်ဆင့် ပါဝင်ပြသသူ(Exhibitor)အဖြစ် စာရင်း ပေးသွင်းရမည် ဖြစ်ပြီး အွန်လိုင်း ဝန်ဆောင်ခ ၃၀၀၀၀ ကျပ်၊ ပြင်ဆင်မှု တစ်ကြိမ်အတွက် ၁၀၀၀၀ ကျပ်ပေးသွင်းရမည်ဖြစ်သည် -

(က) ပြည်တွင်းကုမ္ပဏီများ၊ စီးပွားရေးအသင်းအဖွဲ့များနှင့် လုပ်ငန်းရှင်များ

( ခ ) ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) က တာဝန်ယူ ဖိတ်ကြားသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ

### ပြသခွင့်ရှိသည့် ပစ္စည်းများ

၁၈။ ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ပြသခွင့်ရှိသည်။ ပို့ကုန်သွင်းကုန် ဥပဒေအရ ပြည်တွင်းသို့ တင်သွင်းရန် တားမြစ်ကန့်သတ် ထားသည့် ပစ္စည်းများမှ အပ တင်သွင်းရန် ခွင့်ပြုထားသော ကုန်ပစ္စည်းများအား ပြသခွင့်ပြုသည်။ ပြသမည့် ပစ္စည်းများ သည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ရယူ ရမည့်ပစ္စည်းများဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည် ဖြစ်ပြီးခွင့်ပြုချက်ရရှိမှသာ တင်သွင်း ပြသခွင့် ပြုမည်ဖြစ်သည်။

### ပြသသောပစ္စည်းများအား တင်သွင်း ၊တင်ပို့ခွင့်ပြုခြင်း

၁၉။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသသည့်ပစ္စည်းများအား တင်သွင်း ခြင်း၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်ပို့ခြင်းများကို သွင်းကုန်လိုင်စင်၊ ပို့ကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ အထွေထွေ ခွင့်ပြုမိန့် (Open General License-OGL) လျှောက်ထားရယူ၍ ဆောင်ရွက်ရမည်။

### ပြပွဲတွင် ပါဝင်ခင်းကျင်းပြသသူများ (Exhibitor) လိုက်နာရမည့်အချက်များ

၂၀။ ပြပွဲတွင် ပါဝင်ခင်းကျင်းပြသသူများသည် အောက်ပါအချက်များ ကို လိုက်နာရမည်-

(က) သက်ဆိုင်ရာဌာနများ၊ ပြပွဲကော်မတီများမှ ချမှတ်ထားသော သတ်မှတ်စည်းကမ်း ချက်များအား လိုက်နာရမည်။

(ခ) ပြပွဲပစ္စည်းများ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း စသည့်ကိစ္စရပ်များအတွက် ကျသင့်သည့် အခွန်များကို ပေးဆောင်ရမည်။

## အခန်း(၅)

## အထွေထွေခွင့်ပြုမိန့် (Open General License-OGL) လျှောက်ထားခြင်း

၂၁။ အထွေထွေခွင့်ပြုမိန့်ကို တာဝန်ခံကျင်းပသည့်ဌာန၊ အဖွဲ့အစည်းနှင့် တာဝန်ခံ စီစဉ် ကျင်းပသူက ကုန်စည်ပြပွဲတွင် ပါဝင်ပြသသူအားလုံး ကိုယ်စားစုပေါင်း၍ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူပြီး (၁) လ ကြိုတင် လျှောက်ထားရမည်။ အထွေထွေခွင့်ပြုမိန့် (OGL) ကို https://mitc.myantrade. gov.mm တွင် လျှောက်ထားနိုင်သည်။

၂၂။ အထွေထွေခွင့်ပြုမိန့်(OGL) လျှောက်ထားရာတွင် ထောက်ခံချက် များပူးတွဲတင်ပြရန် လိုအပ်သည့် ပစ္စည်းအမျိုးအစားများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်များကို ပူးတွဲတင်ပြရမည်။ ထောက်ခံချက်ရယူရန်လိုအပ်သော ပစ္စည်းအမျိုးအစားများနှင့်ထောက်ခံချက် ထုတ်ပေးမည့် ဝန်ကြီးဌာနများစာရင်းမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ထောက်ခံချက်ယူရမည့်ပစ္စည်း | ထောက်ခံချက်ယူရ မည့် ဝန်ကြီးဌာန |
|---|---|---|
| ၁။ | မူးယစ်ဆေးဝါး (သို့) စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ဓာတုဗေဒပစ္စည်း (၂၆) မျိုး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | နိုင်ငံခြားရုပ်ရှင်ကားများ | ပြန်ကြားရေးဝန်ကြီး ဌာန |
| ၃။ | တဲလက်စ်၊ ဖက်စ်၊ တယ်လီဖုန်းများ အပါအဝင် ဆက်သွယ်ရေးပစ္စည်းများ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၄။ | ပုဇွန်သားပေါက်နှင့် ပုဇွန်အားဆေး၊ ငါးအစာများ၊ Alive Fish၊ ငါးဖမ်းရေယာဉ် | စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၅။ | တိရစ္ဆာန်ဆေး၊တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန်များ ခွဲစိတ်ကုသရာတွင် အထောက်အကူပြုပစ္စည်းများ | စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၆။ | ပိုးသတ်ဆေး | စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၇။ | မျိုးစေ့၊ ဓာတ်မြေဩဇာ | စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၈။ | ဆေးဝါးများနှင့် ဆေးပစ္စည်းများ/ဆံပင်များ | ကျန်းမာရေးဝန်ကြီးဌာန |
| ၉။ | စားသောက်ကုန်ပစ္စည်းများ | ကျန်းမာရေးဝန်ကြီး ဌာန သို့မဟုတ် နိုင်ငံတကာ အသိအမှတ်ပြု FDA လက်မှတ် |
| ၁၀။ | ရေယာဉ် | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |

၂၃။ အထွေထွေခွင့်ပြုမိန့်ဖြင့် တင်သွင်းလာသောပစ္စည်းများကို ကုန်စည်ပြပွဲအတွင်း ပြသခြင်း၊ ရောင်းချခြင်း၊ နမူနာအဖြစ် အခမဲ့ ဖြန့်ဝေခြင်း၊ ကျန်ရှိပစ္စည်းများကို ပြန်လည်တင်ပို့ခြင်း ဆောင်ရွက်နိုင် သည်။ ဆောင်ရွက်လိုသည့်လုပ်ငန်းကို အထွေထွေခွင့်ပြုမိန့်လျှောက်ထား စဉ်ကပင် ဖော်ပြလျှောက်ထားရမည်။ ပြသရုံ သက်သက်သာခွင့်ပြုသော ပစ္စည်းများကို ရောင်းချခွင့်မပြု။

**အထွေထွေခွင့်ပြုမိန့် (Open General License-OGL) ဝန်ဆောင်ခ**

၂၄။ ပြည်တွင်း၊ပြည်ပ ကုန်စည်ပြပွဲများ၊ ဆွေးနွေးပွဲများတွင် ခင်းကျင်း ပြသရန် ကုန်ပစ္စည်းများ တင်သွင်း၊တင်ပို့ခြင်းအတွက် အထွေထွေ ခွင့်ပြုမိန့် (OGL) တစ်စောင်၏ ဝန်ဆောင်ခ နှုန်းထားများ မှာအောက်ပါ အတိုင်းဖြစ်ပါသည်-

(က) အထွေထွေခွင့်ပြုမိန့် (Inbound) - ၅၀၀၀၀ ကျပ်

( ခ ) အထွေထွေခွင့်ပြုမိန့် (Outbound) - ၅၀၀၀၀ ကျပ်

၂၅။ အထွေထွေခွင့်ပြုမိန့် (OGL) ကို ကုန်စည်ပြပွဲပြီးဆုံးပြီး(၁)လ အတွင်း မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ အခွန်ရှင်းလင်းမှု မှတ်တမ်းများနှင့် အတူ ပြန်လည်ပေးအပ်ရမည်။ အစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ခံ စီစဉ်ကျင်းပသည့် ကုန်စည်ပြပွဲများ၏ အထွေထွေခွင့်ပြုမိန့် (OGL) လျှောက်ထားမှုများအတွက် ကုန်စည်ပြပွဲ ပြီးဆုံးပြီး(၁)လ အတွင်း အခွန်ရှင်းလင်းခြင်းကိစ္စရပ်များကို တာဝန်ခံ စီစဉ်ကျင်းပသည့် ဝန်ကြီး ဌာန၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က တာဝန်ယူဆောင်ရွက်ရမည်။

**အခန်း(၆)**

**ကုန်စည်ပြပွဲအတွက် တင်သွင်းပစ္စည်းများဆိုင်ရာသတ်မှတ်ချက်များ**

၂၆။ ကုန်စည်ပြပွဲတွင် ပြသမည့်ပစ္စည်းများကို ယေဘုယျအားဖြင့် ပြန်လည်တင်ပို့ရန် တင်သွင်းခြင်း (Draw Back) စနစ်ဖြင့် တင်သွင်း ခွင့်ပြုထားပြီး ပြပွဲပြီးဆုံးပါက သက်ဆိုင်ရာ နိုင်ငံသို့ ပြန်လည်တင်ပို့ ရမည်ဖြစ်သည်။

၂၇။ ပြပွဲကာလအတွင်းနှင့် ပြပွဲပြီးနောက် ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ လက်ဆောင်ပေးခြင်းများ ဆောင်ရွက်လိုပါက စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ကြိုတင် တင်ပြလျှောက်ထား၍ ခွင့်ပြုချက်ရရှိမှသာ ရောင်းချခွင့်ပြုသည်။ ပြပွဲတွင်ရောင်းချသည့် ပစ္စည်းများသည် တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းအရ သက်ဆိုင်ရာ ဌာနများ၏ စစ်ဆေးခွင့်ပြုချက်ရယူရမည့် ပစ္စည်းများဖြစ်ပါက ခွင့်ပြုချက်ရယူပြီးမှ ရောင်းချခွင့် ရှိမည်ဖြစ်သည်။

**ပြသသောပစ္စည်းများအား ပြန်လည်တင်ပို့ခြင်း**

၂၈။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရောင်းချရန်အတွက် လာရောက် ပြသသောကုန် ပစ္စည်းများ အနက်မှ ရောင်းချပြီးနောက် ရောင်းချ၍မရဘဲ ကျန်သည့်ပစ္စည်းများအား ကုန်စည်ပြပွဲပြီးဆုံးပြီး

သည့်နေ့မှ (၁)လ အတွင်း သက်ဆိုင်ရာနိုင်ငံသို့အပြီး ပြန်လည်တင်ပို့ရမည်။ ပြန်လည်တင်ပို့ရာတွင် ပို့ကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ အထွေထွေခွင့်ပြုမိန့် (Open General License-OGL) ဖြင့် တင်ပို့ခွင့်ပြုသည်။

**ကျသင့်သောအခွန်အခများပေးဆောင်ခြင်း**

၂၉။ ကုန်စည်ပြပွဲတွင် ရောင်းချသည့်ပစ္စည်းများအတွက် ကျသင့်သည့် သွင်းကုန်လိုင်စင်ကြေး၊ အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့်အခြား သက်ဆိုင်သည့် အခွန်အခများအား သတ်မှတ်နှုန်းထားများအတိုင်း သက်ဆိုင်ရာဌာနများသို့ မပျက်မကွက်ပေးဆောင်ရမည်။

**သယ်ယူပို့ဆောင်ခြင်း**

၃၀။ ပြသမည့်ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း တို့ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တည်ဆဲဥပဒေများနှင့်အညီ သယ်ယူခွင့်ရှိသည်။

**ကုန်စည်ပြပွဲကျင်းပခွင့်ရယူရန် လုပ်ငန်းစဉ်များ**

၃၁။ ပြည်တွင်းတွင် ကုန်စည်ပြပွဲကျင်းပခွင့်ကို အထက် အပိုဒ် ၃ (က) ပါ ကုန်စည်ပြပွဲ အမျိုးအစားအတွက် ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များထံ ခွင့်ပြုချက်ရယူရမည် ဖြစ်ပြီး အပိုဒ် ၃ (ခ)၊ (ဂ) နှင့် (ဃ) ပါ ကုန်စည်ပြပွဲအမျိုးအစားများအတွက် ခွင့်ပြုမိန့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် သို့ လိပ်မူ၍ ကုန်စည်ပြပွဲ ကျင်းပခွင့်တင်ပြစာကို ပြပွဲကျင်းပမည့်ရက်မတိုင်မီ အနည်းဆုံး (၂) လ ကြိုတင်၍ တင်ပြလျှောက်ထားရမည်။ တင်ပြစာတွင် ကုန်စည်ပြပွဲနှင့် သက်ဆိုင်သော အောက်ပါအချက်များ ပါရှိရမည်-

(က) ကုန်စည်ပြပွဲအမည်

( ခ ) ကျင်းပမည့်နေ့ရက်၊ အချိန်

( ဂ ) ကျင်းပမည့်နေရာဒေသ

(ဃ) ပြသမည့်ပစ္စည်းအမျိုးအစား

( င ) ပြည်တွင်းထုတ်ကုန်(သို့မဟုတ်)ပြည်ပမှတင်သွင်းကုန် ဖြစ်ကြောင်း ဖော်ပြချက်

( စ ) ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင် လက်မှတ် (မိတ္တူ)

(ဆ) ပြည်တွင်းနှင့်ပြည်ပ ကုမ္ပဏီ၊ အဖွဲ့အစည်း ပူးပေါင်း ကျင်းပသော ပြပွဲဖြစ်ပါက ပြည်တွင်းမှ ပြပွဲစီစဉ် ကျင်းပသူနှင့် ပြည်ပမှ တာဝန်ခံစီစဉ်ကျင်းပသူ (Foreign Organizer) တို့အကြား ချုပ်ဆိုထားသော သဘောတူညီချက် (မိတ္တူ)

( ဇ ) လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်မည့် အစီအမံနှင့် လုံခြုံရေးကိစ္စရပ်များကို တာဝန်ယူမည်ဖြစ်ကြောင်း ကတိခံဝန်ချက်

( ဈ ) ပြပွဲကျင်းပမည့် ပြပွဲခန်းမငှားရမ်းခြင်းအတွက် ပဏာမ သဘောတူညီချက် အထောက်အထား(မိတ္တူ)

(ည) ပြပွဲအတွက် တာဝန်ပေးအပ်ထားသည့် ဆိပ်ကမ်းရှင်း လင်းရေးနှင့် အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ် အမည်၊ ကုမ္ပဏီအမည်နှင့် လွှဲအပ်စာမူရင်း

**ဆိပ်ကမ်းရှင်းလင်းရေးနှင့် အကောက်ခွန်ရှင်းလင်းရေးတာဝန်ခံ(Freight Forwarder)၏ တာဝန်များ**

၃၂။ ဆိပ်ကမ်း ရှင်းလင်းရေးနှင့် အကောက်ခွန် ရှင်းလင်းရေးတာဝန်ခံ (Freight Forwarder) သည် ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) အား တာဝန်ခံ၍ အောက်ပါအချက် များအား တာဝန်ယူဆောင်ရွက်ရပါမည်-

(က) ပြပွဲပစ္စည်းများ တင်သွင်းခွင့်ရရှိရေး သက်ဆိုင်ရာဌာန များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

( ခ ) ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းအပါအဝင် တင်သွင်းပြသသည့် ပြပွဲပစ္စည်းတို့အတွက် အကောက်ခွန် ရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များ အခွန်ပေးသွင်းခြင်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။

( ဂ ) ပြပွဲပြီးဆုံးပြီးနောက် ပြန်လည်တင်ပို့မည့်ပစ္စည်းများ တင်သွင်း လာသောနိုင်ငံသို့ စနစ်တကျ ပြန်လည်တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း။

**မှတ်ပုံတင်၊ လိုင်စင် လျှောက်ထားနိုင်သည့်နေရာ**

၃၃။ ကုန်စည်ပြပွဲစီစဉ်ကျင်းပသူ (Organizer) မှတ်ပုံတင်ခြင်း၊ အထွေထွေခွင့်ပြုမိန့် (OGL) လျှောက်ထားခြင်းနှင့် ပြပွဲကျင်းပခွင့် လျှောက်ထားခြင်းတို့အတွက် အောက်ပါနေရာများတွင် လျှောက်ထား နိုင်သည်-

(က) ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့၊ ရုံးအမှတ်(၃) နေပြည်တော်

( ခ ) မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့

( ဂ ) ပြည်နယ်နှင့်တိုင်းဒေသကြီးဦးစီးမှူးရုံးများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## အခန်း(၇)

## လုပ်ငန်းအဖွဲ့ကော်မတီများ ဖွဲ့စည်းခြင်း

၃၄။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ် မှုမြှင့်တင်ရေးအဖွဲ့သည် ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကုန်သွယ်ရေးဦးစီးဌာမန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့နှင့် ညှိနှိုင်းပေါင်းစပ်၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊ ပြပွဲပြသမည့်ပစ္စည်းများအား စျေးနှုန်းစိစစ်ရေးအဖွဲ့နှင့် သွင်းကုန်လိုင်စင် ထုတ်ပေးရေးအဖွဲ့ (One Stop Services)၊ အကောက်ခွန်ရှင်းလင်းရေးအဖွဲ့နှင့် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ် ရပါမည်။

**တာဝန်ကျအကောက်ခွန်ဦးစီးဌာနဝန်ထမ်းများ၏ တာဝန်များ**

၃၅။ တာဝန်ကျအကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများသည် အောက်ပါ အချက်များအား တာဝန်ယူဆောင်ရွက်ရပါမည်-

(က) လေဆိပ်၊ဆိပ်ကမ်းနှင့်ကုန်လမ်းတို့မှ ပြပွဲခန်းမ Custom Bonded Ware House သို့ ပြသမည့်ပစ္စည်းများ တင်သွင်းခြင်း၊ တင်ပို့ခြင်း စည်းကမ်းသတ်မှတ်ချက်များ နှင့်အညီ ပြပွဲပစ္စည်းများ စနစ်တကျရောက်ရှိ စစ်ဆေး ဆောင်ရွက်ခြင်း။

( ခ ) Custom Bonded Ware House သို့ရောက်ရှိသောပြပွဲ ပစ္စည်းများအား ခါတ်ပုံမှတ်တမ်းတင်ခြင်း၊ စိစစ်ခြင်း။

( ဂ ) ပြပွဲပစ္စည်းများ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းစသည့် ကိစ္စရပ်များ အတွက် အခွန်အခများ ရရှိရေး ဆောင်ရွက်ခြင်း။

(ဃ) တင်သွင်းလာသော ပြပွဲပစ္စည်းများ စျေးနှုန်းမှန်ကန်မှု ရှိစေရေး ဆောင်ရွက်ခြင်း။

( င ) ပြပွဲပြီးဆုံးပြီးနောက်လက်ကျန်ပစ္စည်းများအားဓာတ်ပုံ မှတ်တမ်းတင်ခြင်း၊စိစစ်ခြင်း။

( စ ) ပြပွဲပြီးဆုံးပြီးနောက် ပြန်လည်တင်ပို့မည့် လက်ကျန် ပစ္စည်းများ တင်သွင်းလာသော နိုင်ငံသို့ စနစ်တကျ ပြန်လည်တင်ပို့စေရေး စိစစ်ဆောင်ရွက်ခြင်း။

**တာဝန်ကျ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်များ**

၃၆။ တာဝန်ကျ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများသည် အောက်ပါအချက်များအား တာဝန်ယူဆောင်ရွက်ရ ပါမည်-

(က) ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်ကြီးကြပ်ခြင်း။

( ခ ) ပြပွဲတွင် ရောင်းချသည့် ပစ္စည်းများ (One Stop Service) အဖွဲ့ဖြင့် သွင်းကုန်လိုင်စင်ထုတ်ပေးရေး၊ တင်သွင်း လာသော ပြပွဲပစ္စည်းများ စျေးနှုန်းမှန်ကန်မှုရှိစေရေး၊ ပြပွဲပြီးဆုံးပြီးနောက် ပြန်လည်တင်ပို့မည့်ပစ္စည်းများ တင်သွင်းလာသောနိုင်ငံသို့ စနစ်တကျ ပြန်လည်တင်ပို့ နိုင်ရေး ကြီးကြပ်ခြင်း။

( ဂ ) ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာ တင်ပြခြင်း။

**တာဝန်ကျ ကုသရေးဦးစီးဌာနဝန်ထမ်းများ၏တာဝန်များ**

၃၇။ တာဝန်ကျ ကုသရေးဦးစီးဌာနဝန်ထမ်းများသည် အောက်ပါ အချက်များအား တာဝန်ယူ ဆောင်ရွက်ရပါမည်-

(က) ကုန်စည်ပြပွဲကျင်းပသည့် နေရာရှိ စားသောက်ဆိုင်များ၏ သန့်ရှင်းရေးနှင့်အစာများ အန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်ပေးခြင်း။

( ခ) ကုန်စည်ပြပွဲတွင် လာရောက်သည့် ဧည့်သည်တော်များ၊ ပြပွဲပြသသူများ၊ လာသူများ၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း။

(ဂ) ကုန်စည်ပြပွဲကာလအတွင်း ကိုဗစ်-၁၉ကပ်ရောဂါနှင့် အခြားကူးစက် ရောဂါများ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

**တာဝန်ကျလုံခြုံရေးဝန်ထမ်းများ၏ တာဝန်များ**

၃၈။ တာဝန်ကျလုံခြုံရေးဝန်ထမ်းများသည် ပြပွဲလုံခြုံရေးအတွက် လာရောက်ပြသသည့် ပြည်တွင်းနှင့် ပြည်ပမှ လုပ်ငန်းရှင်များ၊ လေ့လာသူများ အားလုံး၏ ပြပွဲကာလအတွင်း လူပုဂ္ဂိုလ်လုံခြုံရေးနှင့် မီးဘေးလုံခြုံရေး ကိစ္စများ ဆောင်ရွက်ခြင်းနှင့် CCTV မှတ်တမ်းများ စနစ်တကျရယူ ဆောင်ရွက်ရမည်ဖြစ်သည်။

## အခန်း(၈)

## ပြပွဲကျင်းပခဲ့မှုအခြေအနေ အစီရင်ခံစာတင်ပြခြင်း

၃၉။ ပြပွဲပြီးစီးပါက ပြပွဲတာဝန်ယူ ကျင်းပသည့်ဌာနဆိုင်ရာ၊ အသင်း အဖွဲ့၊ ကုမ္ပဏီသည် ပြပွဲကျင်းပခဲ့မှုအခြေအနေ၊ ပြပွဲတွင် ရောင်းချခဲ့သည့် တန်ဖိုး၊ အခွန်ဆောင်ပြီးစီးမှု အခြေအနေများနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေး သုံးသပ်ချက်များကို ဓာတ်ပုံမှတ်တမ်းဖြင့် ပူးတွဲ၍ မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြသွားရန်ဖြစ်သည်။

**အထွေထွေ**

၄၀။ မြန်မာနိုင်ငံတွင် ပြည်တွင်း၊ပြည်ပကုန်စည်ပြပွဲကျင်းပခြင်းနှင့် နိုင်ငံတကာ ကုန်စည် ပြပွဲများတွင် မြန်မာ့ထုတ်ကုန်များ ပါဝင်ပြသခြင်း လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေအရ အရေးယူခြင်း ခံရမည်။

၄၁။ ဤလုပ်ထုံးလုပ်နည်းများစာအုပ်တွင် မပါဝင်သည့် ထူးခြားသည့် ကိစ္စရပ်များအား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသင့်လျော်သည့်နည်းလမ်းဖြင့်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်သည်။

**နိဂုံး**

၄၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဈေးကွက်စီးပွားရေး စနစ်ကို ပြောင်းလဲ ကျင့်သုံးလျက်ရှိပြီး ရရှိပြီး စီးပွားရေးအခြေအနေကောင်းများကို အကျိုးရှိစွာအသုံးချလျက် နိုင်ငံ့ ထုတ်ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး၊ ပို့ကုန်အမယ် သစ်များအတွက် ဈေးကွက်ဝေစုရရှိရေး၊ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး အထောက်အကူပြုစေရန် ပြည်တွင်း၊ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ချမှတ် ကျင့်သုံးဆောင်ရွက်သွားနိုင်ရန်ဖြစ်ပါသည်။

## Myanmar Trade Promotion Organization (MYANTRADE)
## Exhibition Organizer Registration Form

1. Enterprise Info : a. Name ------------------------------------------------------
b. Registration No. ----------------------------------------------------------
c. Exporter/Importer Reg: No. ---------------------------------------------
d. Address -----------------------------------------------
-----------------------------------------------
e. Tel No. -----------------------------------------------
f. Email -----------------------------------------------
g. Website -----------------------------------------------

2. Director Info : a. Name (Mr/Ms/Mrs) -------------------၊ Position --------------------------

NRC No. ----------------------၊ Date of Birth -----------------------

Phone No. ---------------------၊ Email. ----------------------------------

Address: -------------------------------------------------------------------

-------------------------------------------------------------------------------

b. Name (Mr/Ms/Mrs) -------------------၊ Position --------------------------

NRC No. ----------------------၊ Date of Birth -----------------------

Phone No. ---------------------၊ Email. ----------------------------------

Address: -------------------------------------------------------------------

-------------------------------------------------------------------------------

c. Name (Mr/Ms/Mrs) -------------------၊ Position --------------------------

NRC No. ----------------------၊ Date of Birth -----------------------

Phone No. ---------------------၊ Email. ----------------------------------

Address: -------------------------------------------------------------------

-------------------------------------------------------------------------------

3. Field of Reg:
- ☐ Trade fair organized by local companies
- ☐ Trade fair organized by foreign countries and organization
- ☐ Trade fair organized by local and foreign companies

4. Agreement *

☐ I certify that the Information in this form and any document attached are true and correct and will take responsibility the rule of law of the Republic of the Union of Myanmar.

Signature: -------------------------

Name: -----------------------------

Enterprise Seal

Position: --------------------------

NRC No: -------------------------

Date: ------------------------------

## Company Letter Head

စာအမှတ်၊

ရက်စွဲ ၊ ခုနှစ် ၊ လ ရက်

သို့

ညွှန်ကြားရေးမှူးချုပ်
မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အကြောင်းအရာ။ ------------------------------ **ကုန်စည်ပြပွဲသို့ သွားရောက်ပြသမည့် ကုန်ပစ္စည်းများအတွက် OGL လျှောက်ထားခြင်း။**

ရည် ညွှန်း ချက် ။ --------------------------------------- ၏ ဖိတ်ကြားစာ

၁။ ---------------------- ကုန်စည်ပြပွဲကို ---------နိုင်ငံ၊ ------------မြို့-----------တွင်----------- ခုနှစ်၊- ----------လ၊------ရက်နေ့မှ--------ရက်နေ့အထိ( )ရက်ကြာ ကျင်းပပြုလုပ်မည်ဖြစ်ပြီး------- ---------- -------------- ကုမ္ပဏီမှ ပါဝင်ပြသရန်---------က ဖိတ်ကြားလာပါသည်။ ပြခန်း-----ခန်း အခမဲ့ရရှိမည်ဖြစ်ပါသည်။ (သို့မဟုတ်) ပြခန်း----ခန်း အတွက် ပြခန်းငှားရမ်းခပေးသွင်းပြီးစီးမှု အထောက်အထားအား ပူးတွဲတင်ပြအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍--------------------ကုမ္ပဏီ၏ ထုတ်ကုန်များအား ပြပွဲတွင်ပါဝင်ပြသရန် အထွေထွေခွင့်ပြုမိန့်(OGL) ထုတ်ပေးနိုင်ပါရန် Invoice မိတ္တူနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

**ပူးတွဲ။ ( ) ရွက်။**

လက်မှတ် ၊ -----------------------

ရာထူး ၊ ----------------------

မှတ်ပုံတင်၊ ------------------------

မိတ္တူကို

ညွှန်ကြားရေးမှူး၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်)
လက်ခံ

# CUSTOMS DECLARATION FORM FOR EXHIBITS PACKING LIST& INVOICE

| SHIPPING MARK:<br>唛　头： | MEANS OF TRANSPORT：<br>运输方式： | PORT OF IMPORT：<br>入境口岸： | PAGE NO.:1<br>第页 |
|---|---|---|---|

| Exhibitor/Country<br>展出者/国别 | Country of Origin　Myanmar<br>原产国 | HALL NO.:<br>展厅号： | BOOTH NO.<br>展台号： |
|---|---|---|---|

| Case No.: | Lengh*Width* Height*（CM）<br>长*宽*高 | Weight (KGS)<br>重量 | | Description of Goods<br>货物描述 | | | | Quantity<br>数　量 | CIF Value 到岸价 | | R.复运出口 To Be Returned<br>G.赠送 Given Away<br>C.消耗 Consumed<br>A.放弃 Abandoned<br>S.销售 Sold |
|---|---|---|---|---|---|---|---|---|---|---|---|
| | | Gross<br>毛　重 | Net<br>净重 | English<br>英　文 | Chinese<br>中文 | H.S. NO.:<br>商品编码 | Declaration<br>申报要素 | | Unit Price<br>单价 | Total Value<br>总价 | |
| | | kg | | | | | | kg | USD<br>Per 1kg | USD | |
| | | kg | | | | | | kg | USD<br>Per 1kg | USD | |
| | | kg | | | | | | kg | USD<br>Per 1kg | USD | |
| | | | | | | | | **kg** | | **USD** | |
| 海关记录：<br>Customs Remarks: | | | | | | | | | | | |

| APPLICANT:<br>申请单位: | SIGNATURE OF RESPONSIBLE PERSON<br>负责人签名: | DATE OF APPLICATION<br>申请日期: |
|---|---|---|

**The Government of the Republic of the Union of Myanmar**
**Ministry of Commerce**
**Myanmar Trade Promotion Organization (MYANTRADE)**
**Open General License**
**(For Temporary Admission of Goods- In Bounds)**

OPEN GENERAL LICENSE * OGL *

| | |
|---|---|
| A. HOLDER (COMPANY NAME) AND ADDRESS | D. FOR ISSUING GOVERNMENT AGENCY USE<br><br>a)LICENCE NO. ________________________<br><br>Number of continuation sheets: ____________ |
| B. REPRESENTATIVE BY | b)ISSUED BY<br>TRADE DEVELOPMENT DIVISION<br>MYANMAR TRADE PROMOTION ORGANIZATION<br>MINISTRY OF COMMERCE<br>THE REPUBLIC OF THE UNION OF MYANMAR |
| C. NAME OF TRADE FAIR/FORUM/WORKSHOP/ OTHER<br>Bamar-Vietnam trade Fair 2023<br>(1-3 November, 2023 – Junction City, Yangon) | c) VALID UNTIL: 2th December, 2023 |
| E. CERTIFICATE BY CUSTOMS AT ARRIVAL<br><br>a) Identification of the Exhibit List have been affixed as the Invoice and Packing List:<br>-------------------------------------------------------<br>b) GOODS EXAMINED (Yes / No)<br><br>c) Registered No. -------------------------------<br><br>d) ------------------/-------------/-----------------<br>Customs Office Date Signature and Seal | F. Signature of authorized official and issuing Agency Seal<br><br>Place: Nay Pyi Taw<br>Date: 2023 /10/18<br><br>G.<br><br>------------------------------<br>Signature of Holder and Seal |
| **H. IMPORTATION**<br>a) The goods described in the Exhibit List under Item No.(s) ------------------------------------ --------------------------------------------- have been temporarily Imported.<br><br>b) Other remarks -------------------------------------<br>-----------------------------------------------------------<br>-----------------------------------------------------------<br><br>Place: --------------<br>Date: ---------------<br>-------------------------------------<br>Signature and Seal by Customs Officer | **I. RE-EXPORTATION**<br>a) The goods described in the Exhibit List under Item No.(s) ---------------------------------------------------- ------------------------------------ have been reexported.<br><br>b) Other remarks --------------------------------------------<br>------------------------------------------------------------------<br>------------------------------------------------------------------<br><br>Place: --------------<br>Date: ---------------<br>-------------------------------------<br>Signature and Seal by Customs Officer |

**TO BE RETURNED TO THE ISSUING DEPARTMENT AFTER USE**
အသုံးပြုပြီးပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံပေးပါရန်

**The Government of the Republic of the Union of Myanmar**
**Ministry of Commerce**
**Myanmar Trade Promotion Organization (MYANTRADE)**
**Open General License**
**(For Temporary Admission of Goods – Out Bounds)**

OPEN GENERAL LICENSE *OGL*

| | |
|---|---|
| A. HOLDER (COMPANY NAME) AND ADDRESS | D. FOR ISSUING GOVERNMENT AGENCY USE<br><br>a)LICENCE NO. ________________________<br><br>Number of continuation sheets: ____________ |
| B. REPRESENTATIVE BY | b)ISSUED BY<br>TRADE DEVELOPMENT DIVISION<br>MYANMAR TRADE PROMOTION ORGANIZATION<br>MINISTRY OF COMMERCE<br>THE REPUBLIC OF THE UNION OF MYANMAR |
| C. NAME OF TRADE FAIR/FORUM/ WORKSHOP/ OTHER | c) VALID UNTIL<br><br>2023 Nov 11<br>--------------year/------------month/--------------day |
| E. CERTIFICATE BY CUSTOMS AT DEPARTURE<br><br>a) Identification of the Exhibit List have been affixed as the Invoice and Packing List:<br><br>-------------------------------------------------------<br>b) GOODS EXAMINED (Yes / No)<br><br>c) Registered No. --------------------------------<br><br>d) ------------------/-------------/-----------------<br>Customs Office Date Signature and Seal | F. Signature of authorized official and issuing Agency Seal<br><br>Place: ---------------<br>Date: ----------year/-------month/-------day<br><br>G.<br><br>--------------------------------<br>Signature of Holder and Seal |
| **H. EXPORTATION**<br>a) The goods described in the Exhibit List under Item No.(s) ------------------------------------ --------------------------------------------- have been temporarily exported.<br><br>b) Other remarks ------------------------------------<br>-----------------------------------------------------------<br>-----------------------------------------------------------<br><br>Place: --------------<br>Date: ---------------<br><br>-------------------------------------<br>Signature and Seal by Customs Officer | **I. REIMPORTATION**<br>a) The goods described in the Exhibit List under Item No.(s) ----------------------------------------------- ----------------------------------- have been reimported.<br><br>b) Other remarks -------------------------------------------<br>-------------------------------------------------------------------<br>-------------------------------------------------------------------<br><br>Place: --------------<br>Date: ---------------<br><br>-------------------------------------<br>Signature and Seal by Customs Officer |

**TO BE RETURNED TO THE ISSUING DEPARTMENT AFTER USE**
အသုံးပြုပြီးပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ပြန်လည်အပ်နှံပေးပါရန်

The Government of the Republic of the Union of Myanmar

Ministry of Commerce

Myanmar Trade Promotion Organization (MYANTRADE)

myantrade

# Certificate of Exhibition Organizer

1. Enterprise Info : a. Name ____________________

   b. Registration No.____________________

2. Address : ____________________

   ____________________

3. Director Name : a.__________ b. __________

   c.__________ d.__________

4. Contact Info : a. Tel____________________

   b. Email____________________

   c. Website ____________________

5. Registration Info: a. Reg: No.____________________

   b. Reg: Date ____________________

   c. Expire Date ____________________

6. Type of Service : a. New b. Extension

7. Remarks:

8. Terms and Conditions:

   I hereby register the above-mentioned enterprise as Exhibition Organizer subject to abide the Export/Import rules and regulations of the Ministry of Commerce of Myanmar and relevant government departments.

Dr. Htein Lynn
Director General

**ဌာန၏ဆောင်ပုဒ် (Motto)**

“ကုန်သွယ်ဖွံ့ဖြိုး စီးပွားတိုး၊ ကြီးပမ်းဆောင်ရွက် နိုင်ငံ့အတွက်”

“Economic Growth Through Developing Trade

For The State And The People”


**Contact Information**

Trade Development Division, Myanmar Trade Promotion Organization,

Ministry of Commerce

Address: Office No.3 (New Building), Zeya Htani Road, Nay Pyi Taw, Myanmar.

Phone : +9567-408622/23, Fax: +9567-408623

Email : event.td.myantrade@gmail.com, director.td.myantrade@gmail.com,

Webs : https://myantrade.gov.mm/, https://mitc.myantrade.gov.mm/